# ကရင်ပြည်နယ်၊

# မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှတင်သွင်းသော



## ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများ၏ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို လေ့လာခြင်းစာတမ်း

# နောက်ခံသမိုင်း (Background)

- ကျောင်းသားလူငယ်များသည် အနာဂတ်နိုင်ငံတော်တာဝန်ကို ပခုံးပြောင်းယူကြမည့် ရင်သွေးရတနာများ ဖြစ်ကြပါသည်။
- ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်၍ အရည်အချင်းပြည့်ဝမှသာလျှင် နိုင်ငံအတွက် အားထားစိတ်ချရသော အင်အားစုကြီးဖြစ်လာနိုင်ပါသည်။
- ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် ကျောင်းသားများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ကျန်းမာခြင်း၊ လူမှုနယ်ပယ်တွင်ကောင်းမွန်စွာပေါင်းသင်းဆက်ဆံနိုင်ခြင်းရှိလာစေရန်အ ရေးပါအရာရောက်သောအခန်းမှ ပါဝင်နေပါသည်။

# နောက်ခံသမိုင်း (Background)

- ၁၉၉၆ ခုနှစ်မှ စတင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှလည်း Global School Health Initiative အစီအစဉ်ဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ကျောင်းကျန်းမာရေး လုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ကြရန် လမ်းညွှန်တိုက်တွန်း ခဲ့ပါသည်။
- မြန်မာနိုင်ငံတွင်လည်း ၁၉၉၆ ခုနှစ်မှစတင်၍ ကျောင်းကျန်းမာရေး အဆင့်မြှင့် ကျောင်းများ ထူထောင်ရေးစီမံချက်ကိုရေးဆွဲ၍ ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပ ခြင်း၊ သင်တန်းပေးခြင်းနှင့် လိုအပ်သောပြင်ဆင်မှုများကို ဆောင်ရွက်ပြီး၊ ၁၉၉၈ ခုနှစ်တွင် မြို့နယ် (၉၁) တွင် စတင်အကောင်အထည်ဖော် ခဲ့ပါသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မြို့နယ်အားလုံးသို့ တိုးချဲ့၍ ဆောင်ရွက်ပြီးဖြစ်ပါသည်။

# နောက်ခံသမိုင်း (Background)

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပညာရေးဌာနဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေးကော်မတီများကို ဗဟိုအဆင့်မှ ကျောင်းအဆင့် အထိဖွဲ့စည်း၍ ကျောင်းကျန်းမာရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျောင်းကျန်းမာရေးအဖွဲ့များ၊ မိခင်ကလေးကျန်းမာရေးဌာနများ၊ ဒေသန္တရကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ မှ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

# နောက်ခံသမိုင်း (Background)

- ဤလေ့လာမှုစာတမ်းသည် ကျောင်းကျန်းမာရေးလုပ်ငန်းကို ပူးပေါင်း ဆောင်ရွက်နေသူများ၏ ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေ၊ ကျောင်းသားများအတွက် အကျိုးသက်ရောက်မှုတို့ကို သိရှိနိုင်ရုံမျှမက ဆောင်ရွက်ရန်လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ခြင်းပြုလုပ်နိုင်ခြင်းဖြင့် ကျောင်းသား/သူများအတွက် အမှန်တကယ် အကျိုးရှိစေမည်ဖြစ်ပေသည်။

# သုတေသနပြုလုပ်ရခြင်း ခိုင်လုံသောအကြောင်းရင်း (Justification)

- ကျောင်းကျန်းမာရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်မှာ နှစ်ကာလအတန်ကြာခဲ့ပြီး ဖြစ်သော်လည်း တိုးတက်အောင်မြင်မှုများ ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းရန် လိုအပ်နေပါသေးသည်။
- နိုင်ငံနှင့်လူမျိုးအတွက် အရေး ကြီးသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုဖြစ်သည့် ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို လေ့လာခြင်းဖြင့် တွေ့ရှိရသော အားနည်းချက်များ၊ လိုအပ်ချက်များကိုသုံးသပ်ခြင်းဖြင့် အမြန်ဖြည့်ဆည်းဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ရေရှည်စီမံကိန်းရေးဆွဲ၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို သိရှိနိုင်မည် ဖြစ်ပါသည်။

# သုတေသနပြုလုပ်ရခြင်း ခိုင်လုံသောအကြောင်းရင်း (Justification)

- ဤစာတမ်းသည် ကျောင်းသားလူငယ်များ၊ အထူးသဖြင့် သင်ယူမှတ်သားမှု မြန်ဆန်သည့် မူလတန်းကျောင်းသား/သူများကိုမှန်ကန်သည့် ဘဝနေထိုင်နည်း အခြေခံအချက်အလက်များကို ထိရောက်စွာလေ့ကျင့်ပေးနိုင်ခြင်းရှိ/မရှိ၊ မူလတန်း ကျောင်းသား/သူများနှင့် သင့်တော်သည့် ကျန်းမာရေးနှင့် ညီညွတ်သော ကျောင်း ပတ်ဝန်းကျင် ဖန်တီးပေးထားနိုင်ခြင်း ရှိ/မရှိ စသည့် အချက်အလက်များကို ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။

# သုတေသနပြုလုပ်ရခြင်း ခိုင်လုံသောအကြောင်းရင်း (Justification)

- ကရင်ပြည်နယ်တွင် ကျောင်းကျန်းမာရေးလုပ်ငန်းနှင့် ပတ်သက်သော လေ့လာမှုစာတမ်းများ ပြုစုထားခြင်းမရှိသေးပါ။ သို့ဖြစ်ပါ၍ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေကို လေ့လာသည့် ယခုစာတမ်းသည် မိခင်နှင့်ကလေးတို့၏ လိုအပ်ချက်များကို အမြဲတမ်း ဖြည့်ဆည်းပံ့ပိုးပေးနေသည့် မိခင်ကလေး စောင့်ရှောက်ရေးအသင်းကြီးအနေဖြင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညွှန်ပြပေးနိုင်သည့် အချက်အလက်များကို ဖော်ထုတ်ပေးမည့်စာတမ်း တစ်စောင်လည်းဖြစ်ပါသည်။

# သုတေသနပြုလုပ်ရခြင်း ခိုင်လုံသောအကြောင်းရင်း (Justification)

- ကျောင်းကျန်းမာရေးလုပ်ငန်း အောင်မြင်လာသည်နှင့်အမျှ ကျန်းမာသောကလေးငယ်များ၊ လူငယ်မောင်မယ်များ များပြားလာပြီး၊ တိုင်းပြည်မှအားထားရမည့်သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်လာပေမည်။ မှုမှန်သောကျန်းမာရေးအလေ့အကျင့်ကောင်းများ တည်ဆောက်နိုင်မည့် ကျောင်းကျန်းမာရေးလုပ်ငန်းများတိုးတက်အောင်မြင်စေရန် မြို့နယ်/ကျေးရွာ အနှံ့တွင်ရှိနေသည့် မိခင်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးမှုဖြင့် အထောက်အကူများစွာ ရရှိစေနိုင်ပါသည်။
- ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းများမှတစ်ဆင့် ကလေးသူငယ်များ၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားတိုးတက်လာမည် ဖြစ်ပါသည်။

# အခြေခံသဘောတရားပုံစံ


ကျောင်းကျန်းမာရေးတာဝန်ခံ ဆရာ/ဆရာမများ၏ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းနှင့် ပတ်သက်၍ သိရှိနားလည်မှု
ကျောင်း၏အခြေခံအချက်အလက်များ
ဒေသအာဏာပိုင်အဆင့်ဆင့်နှင့် အခြားအလှူရှင်အဖွဲ့အစည်းများ မှ ထိရောက်စွာပံ့ပိုးထောက်ပံ့ကူညီနိုင်မှု
ဆရာ/ဆရာမများ၏ ကျောင်းကျန်းမာရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မှု
ကျောင်းကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများဆောင် ရွက်ထားနိုင်မှုအခြေအနေ
အကျိုးသက်ရောက်မှု
- ကျောင်းသား/မိဘ/ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော ဘဝနေထိုင်မှု
မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးအဖွဲ့၏ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု
ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ နိုင်ငံတကာနှင့် ပြည်တွင်းလူမှု အဖွဲ့အစည်းများ၏ စနစ်တကျပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်မှု

# ရည်ရွယ်ချက်

## ယေဘုယျရည်ရွယ်ချက်

- ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများ၏ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိနိုင်မှုအခြေအနေကို ဖော်ထုတ်လေ့လာရန်

## ဝိသေသရည်ရွယ်ချက်များ

(၁) ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများ၏ အခြေခံ အချက်အလက်များကို လေ့လာရန်

(၂) ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများမှ ကျောင်းကျန်းမာရေးတာဝန်ခံဆရာ/ဆရာများ၏ ကျောင်းကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိနားလည်မှုဗဟုသုတများကို ဖော်ထုတ်လေ့ လာရန်

# ရည်ရွယ်ချက်

## ဝိသေသရည်ရွယ်ချက်များ

(၃) ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများတွင် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေကို ဖော်ထုတ်လေ့လာ သုံးသပ်ရန်

(၄) ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကျောင်းကျန်းမာရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို လေ့လာစိစစ်သုံးသပ်ရန်

# သုတေသနလုပ်နည်း

## လေ့လာနည်း (Study Design)

Cross Sectional Descriptive Study အကြောင်းစုံဖော်ပြလေ့လာသည့် ပုံစံဖြင့် လေ့လာထားခြင်းဖြစ်ပါသည်။

## လေ့လာသည့်နေရာဒေသ (Study Area)

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများ

## နမူနာလေ့လာသောဦးရေ (Sample Population)

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ မူလတန်းကျောင်း (၉၆) ကျောင်း

# သုတေသနလုပ်နည်း

## မူလတန်းကျောင်းများကိုရွေးချယ်နည်း

နမူနာအရေအတွက် တွက်ချက်သည့် ပုံသေနည်း ($n=Z^2pq/D^2$) အရ (၉၅) ရာခိုင်နှုန်း မှန်ကန်မှု (95% confidence level) သေချာနိုင်ရန်နှင့် လွဲသွေမှု သတ်မှတ်ချက် (precision) (၀.၁) တွင် တွက်ချက်ရာ

(၁.၉၆ * ၁.၉၆)*(၀.၅ *၀.၅)/(၀.၁ * ၀.၁) = (၉၆)

ကရင်ပြည်နယ် အတွင်းရှိဘားအံမြို့နယ်မှ မူလတန်းကျောင်း (၂၉၇) ကျောင်း အနက် (၉၆) ကျောင်းကို ကျပန်းရွေးချယ်၍ သုတေသနပြုလုပ်ရန် ရွေးချယ်ခဲ့ပါသည်။

# သုတေသနလုပ်နည်း

## သုတေသနလုပ်နည်းအဆင့်ဆင့်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ မြို့ပေါ်နှင့် ကျေးရွာများရှိ မူလတန်းကျောင်းစုစုပေါင်း (၂၉၇) ကျောင်းရှိပြီး၊ သတ်မှတ်ထားသောရွေးချယ်နည်းအရ (၉၆) ကျောင်းကို ကျပန်းရွေးချယ်ခဲ့ပါသည်။

လေ့ကျင့်ထားသောမေးမြန်းသူများမှ မေးခွန်းပါအချက်အလက်များကို နှုတ်ဖြင့် မေးမြန်း၍ဖြေဆိုစေခြင်း၊ မျက်မြင်ကြည့်ရှုခြင်းနှင့် မှတ်တမ်းများမှ အချက်အလက်များကောက်ယူခြင်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းမှု အခြေအနေနှင့် ကျောင်းဈေးဆိုင်များကိုလည်း လေ့လာကြည့်ရှုခဲ့ပါသည်။

# သုတေသနလုပ်နည်း

**လူပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်များနှင့် ကိုက်ညီမှု ရှိစေရန် ဆန်းစစ်ခြင်း (Ethical consideration)**

ဤစာတမ်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၏ လူပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှု ဆိုင်ရာ ကျင့်ဝတ်ကော်မတီမှ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

မေးခွန်းများမဖြေဆိုခင် သုတေသန၏ရည်ရွယ်ချက်နှင့် မေးခွန်း၏သဘောသဘာဝ၊ ဖြေဆိုသူများ၏ ကိုယ်ရေးကိုယ်တာလုံခြုံရေးတို့ကို သေချာစွာရှင်းပြ၍ ပါဝင်ဖြေဆိုသူများထံမှ သဘောတူညီချက် တောင်းခံခဲ့ပါသည်။

# သုတေသနလုပ်နည်း

## မေးခွန်းများရွေးချယ်ခြင်း

- ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများ၏ အခြေခံအချက်အလက်များ၊
- ကျောင်းကျန်းမာရေး တာဝန်ခံဆရာ/ဆရာမများ၏ ကျောင်းကျန်းမာရေး ဆိုင်ရာ ဗဟုသုတများ၊
- ကျောင်းကျန်းမာရေးတာဝန်ခံဆရာ/ဆရာမများ၏ ကျောင်းကျန်းမာရေးဆိုင်ရာ ခံယူချက်များ၊
- ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေနှင့် ဒေသအာဏာပိုင်များ၊ အလှူရှင်များနှင့် ဌာနများပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို လေ့လာနိုင်ရန် ဦးတည်ပြုစုခဲ့ပါသည်။

# သုတေသနလုပ်နည်း

## လေ့လာလိုသောအုပ်စု

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများအားလုံး

## ဖြေဆိုမည့်သူများရွေးချယ်ခြင်း

ကွင်းဆင်းဆောင်ရွက်ရန် ကျပန်းရွေးချယ်ထားသည့် ကျောင်းများမှ မူလတန်းကျောင်းအုပ် (သို့မဟုတ်) ကျောင်းကျန်းမာရေးတာဝန်ခံဆရာ/မ တစ်ဦးအား တွေ့ဆုံမေးမြန်းပါသည်။

## ဆောင်ရွက်မည့်အချိန်နှင့်လုပ်ဆောင်ချက်များ

၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ စတုတ္ထပတ်- စစ်တမ်းများကောက်ယူရန် မေးခွန်းများပြုစုသည်။

၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ပထမပတ် - မေးခွန်းများအား Pretest ပြုလုပ်ပါသည်။

# သုတေသနလုပ်နည်း

## ဆောင်ရွက်သည့်အချိန်နှင့်လုပ်ဆောင်ချက်များ

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်  - စစ်တမ်းများကောက်ယူပါသည်။

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ဒုတိယပတ်  - စစ်တမ်းကောက်ယူသည့် မေးခွန်းလွှာ အဖြေများအား Epi Data ဖြင့် Data Entry ပြုလုပ်ပါသည်။

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ စတုတ္ထပတ်  - စစ်တမ်းကောက်ယူရရှိသည့် အဖြေများအား Epi Data ဖြင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ပါသည်။ (Data Analysis)

၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ပထမပတ် - စာတမ်းအကြမ်းပြုစုသည်။

၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်- စာတမ်းအချော (အပြီးသတ်) ပြုစုခြင်း

# တွေ့ရှိချက်များနှင့် ဆွေးနွေးသုံးသပ်ချက်များ

# ရွေးချယ်ခဲ့သောကျောင်းများ၏ တည်နေရာ (ကျေးလက်/မြို့ပေါ်)




ကျပန်းရွေးချယ်ခြင်းအရ
မြို့ပေါ်မူလတန်းကျောင်းများမှ (၄) ကျောင်း
သာပါဝင်ပြီး ရာခိုင်နှုန်း အရ (၄.၁၇ %) ရှိပါသည်။
ကျေးလက်မူလတန်းကျောင်းများမှ (၉၂) ကျောင်း
ပါဝင်၍ (၉၅. ၈၃ %) ရှိကြောင်း တွေ့ရသည်။

# မူလတန်းကျောင်းများရှိဆရာ/ဆရာမများ၊ ကျောင်းသား/သူများနှင့် စာသင်ခန်း အခြေအနေ

မူလတန်းကျောင်းရှိဆရာ/မ ပျမ်းမျှဦးရေ (၅) ဦး

မူလတန်းကျောင်းရှိကျောင်းသား/သူ ပျမ်းမျှဦးရေ (၈၈) ဦး

ဆရာတစ်ဦးတာဝန်ယူပေးရသည့် ပျမ်းမျှကျောင်းသားဦးရေ (၁၇ ) ဦး အများဆုံးကျောင်းသားဦးရေ (၅၂) ဦး

→ ဆရာတစ်ဦးသည် ကျောင်းသားအများဆုံး (၅၂) ဦး တာဝန်ယူထားရခြင်း လည်းတွေ့ရှိရသောကြောင့် မူလတန်းအရွယ် ကျောင်းသားဗဟိုပြု သင်ကြားသော စနစ်အတွက် လိုအပ်သည့်နေရာများတွင် ဆရာ/မ များထပ်မံခန့်ထားပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

ကျောင်းသားတစ်ဦးရရှိသည့် ပျမ်းမျှစာသင်ခန်းနေရာအကျယ်အဝန်း (၁၃.၄) စတုရန်းပေ

→ ကျောင်းသားတစ်ဦးအတွက် အကျယ်အဝန်းမှာ ပျမ်းမျှအားဖြင့် (၁၃.၄) စတုရန်းပေ ရှိသော်လည်း စာသင်ခန်းတစ်ခန်းနှင့် တစ်ခန်း အကာအရံများ ကာရံထားခြင်း မရှိသောကြောင့် သက်ဆိုင်ရာ ဌာန၊ အလှူရှင်အဖွဲ့အစည်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်သင့်ပါသည်။

# ကျောင်းကျန်းမာရေးတာဝန်ခံများ၏ ကျောင်းကျန်းမာရေးသင်တန်းရရှိခဲ့ခြင်း အခြေအနေ

သင်တန်းရရှိခဲ့သည့်ဦးရေ (၁၉) ဦး (၁၉.၈ %)

<u>သင်တန်းရရှိခဲ့သည့်အခြေအနေ</u>

ဆရာဖြစ်သင်တန်းတက်စဉ် (၈) ဦး

ဆရာဖြစ်ပြီးချိန်တွင် (၁၁) ဦး

သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းကျန်းမာရေးသင်တန်းများ နည်းစနစ်ကျနစွာ ပြုလုပ်သင့်ပါသည်။

အများစု သင်တန်းရရှိခဲ့သည့်အကြိမ် (၁) ကြိမ်

# ကျောင်းကျန်းမာရေးတာဝန်ခံများ၏ မူလတန်းအဆင့်တွင်သင်ကြားပေးသော ဘဝတွက်တာခေါင်းစဉ်များနှင့်ပတ်သက်၍သိရှိနားလည်မှုဇယား




သင်ရိုးညွှန်းတမ်းတွင်ပါဝင်သည့် ဘဝတွက်တာခေါင်းစဉ် (၅) မျိုး အနက် (၂) မျိုးကိုသာ တာဝန်ခံ များ၏ (၈၀ %) ဖြေဆိုနိုင်ကြပြီး၊ လူမှုဘဝတွင် အရေးကြီးသည့် စိတ်ကျန်းမာရေး၊ လူမှုဘဝမှာ ကျွမ်းကျင်စရာ နှင့် ထိန်းသိမ်းအစဉ်တို့ဝန်းကျင် သင်ခန်းစာ များကို ဖြေဆိုနိုင်သူ ငါးပုံတစ်ပုံခန့်သာ ရှိ၍ ဘဝတွက်တာကျွမ်းကျင်စရာ သင်ရိုးများကို ယခုထက်ပိုမို၍ ကျွမ်းကျင် တတ်မြောက်အောင် ဆောင်ရွက်သင့်ပါသည်။

# တစ်ပတ်တွင် ဘဝတွက်တာသင်ခန်းစာ သင်ကြားချိန်

## တွေ့ရှိချက်




## ဆွေးနွေး/သုံးသပ်ချက်

ဖြေဆိုသည့် ကျောင်းများ၏ (၃၄.၃၈ %) သည် တစ်ပတ်တွင် ဘဝတွက်တာသင်ခန်းစာကို တစ်နာရီသာ သင်ကြားပေးနေသဖြင့် အချိန်ဇယားအတိုင်း သင်ကြားသင့်ပါသည်။

# ကျောင်းကျန်းမာရေးဆိုင်ရာ အခြားစီမံချက်လုပ်ငန်းများဆောင်ရွက်ထားရှိမှု

စီမံချက်လုပ်ငန်းများဆောင်ရွက်ထားသည့်ကျောင်း
(၁၇.၈၉ %)




ကျောင်းကျန်းမာရေးအခြားစီမံချက်လုပ်ငန်းများအနေဖြင့် ခြင်ကျားကင်းစင်၊ ဆေးလိပ်ကင်းစင် နှင့် စံပြကျောင်းရွေးချယ်ခြင်းစီမံချက်များရှိရာ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျောင်းများနည်းပါးနေသဖြင့် ဆောင်ရွက်သင့်သည့် အကြောင်းအရင်း၊ ဆောင်ရွက်ရန်အတွက် လိုအပ်ချက်များကို ပြန်လည် ဆွေးနွေးဖြည့်ဆည်းဆောင်ရွက်နိုင်ရန်၊ အဆင့်ဆင့်ကြီးကြပ်သွားရန် လိုအပ်ပါသည်။

# တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်သက်၍ ကျောင်းကျန်းမာရေးတာဝန်ခံဆရာဆရာမများ၏ သိရှိနားလည် မှုဗဟုသုတ

## တစ်ကိုယ်ရည်သန့်ရှင်းရေးလေ့ကျင့်စဉ် (၁၀) ချက်သိရှိသူ (၉၈.၉၆ %)




တစ်ကိုယ်ရည်သန့်ရှင်းရေး လေ့ကျင့်စဉ် (၁၀) ချက်ကို သိရှိကြသော်လည်း ပါဝင်သော အချက် (၁၀) ချက်လုံးကို မှန်ကန်စွာ ပြန်လည်ပြောပြ ဖြေဆိုနိုင်ခြင်း အားနည်းနေပါသေးသည်။ ရောဂါကာကွယ်ရေး အချက်တစ်ချက် ဖြစ်သည့် ချောင်းဆိုးလျှင် လက်ကိုင် ပုဝါသုံးခြင်းကို (၁၇.၈၉ %) သာ ဖြေကြားခဲ့ကြ ပါသည်။

# ကျောင်းသားများ၏တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေ




လုပ်ငန်းတစ်ခုဆောင်ရွက်ပြီးလျှင် မှတ်တမ်း တင်ထားခြင်းဖြင့် လုပ်ငန်းတိုးတက်မှုရှိ/မရှိသိရှိနိုင်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်အလက်များကိုလည်း သိရှိနိုင်သဖြင့် ကျောင်းအားလုံးတွင် မှတ်တမ်းထားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

လက်ဆေးသည့်အကျင့် စွဲမြဲ စေရန်၊ လက်ဆေးသင့်သည့်အချိန်တိုင်း ရေနှင့်ဆပ်ပြာအသုံးပြု၍ လက်ဆေးတတ်စေသည့်အလေ့အကျင့် ရရှိစေရန် မရှိမဖြစ်လိုအပ်သည့် အချက်များကို ကျောင်းကျန်းမာရေးကော်မတီများ၊ ရပ်ကွက်နှင့် ကျေးရွာ အာဏာပိုင်များ၊ အလှူရှင်များမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသင့်ပါသည်။

# ခြင်မှတဆင့်ကူးစက်တတ်သောရောဂါများနှင့်ပတ်သက်၍သိရှိနားလည်မှုဇဟုသုတ

## ခြင်မှတဆင့်ကူးစက်တတ်သောရောဂါသိရှိသူ (၁၀၀ %)




သွေးလွန်တုပ်ကွေးဖြစ်စေသော ခြင်အမျိုးအစား
အေးဒီးဟုမှန်ကန်စွာ ဖြေဆိုသူ (၇၃.၉၆ %)

ခြင်မှတဆင့်ကူးစက်သည့် ရောဂါများ အကြောင်းသိရှိထားမှု၊ ရောဂါမဖြစ်အောင် ကာကွယ်သည့်နည်းလမ်းများကို သိရှိ အကောင်အထည်ဖော်ဆောင်ရွက်ထားတတ်မှု စသည့် အလေ့အကျင့်ကောင်းများကို ကျောင်းမှတဆင့် ရပ်ကွက်/ကျေးရွာသို့၊ ကျောင်းသား/သူများမှ တဆင့် မိဘဆွေမျိုးအုပ်ထိန်းသူများသို့ သတင်းစကားများကို ဖြန့်ဝေပေးမည့် ဆရာ/မများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးပါလှပါသည်။

# ခြင်မှတဆင့် ကူးစက်ရောဂါမဖြစ်ပွားစေရန် ကာကွယ်ရမည့်နည်းလမ်းများ သိရှိနားလည်မှုဗဟုသုတနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေ




ကျောင်းပတ်ဝန်းကျင်ပိုးလောက်လန်းတွေ့ရှိမှု
(၉.၃၇ %)

မူလတန်းကျောင်းများအားလုံး ခြင်ကျားကင်းစင် စေရန် (ခြင်ကင်းစင်စေရန်) ကျောင်းပတ်ဝန်းကျင်အတွင်း ပိုးလောက်လန်းမရှိစေရန် ဆရာ/မများမှ စဉ်ဆက်မပြတ် ကြီးကြပ်၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းကို ကျောင်းသား/သူများ၊ မိဘများ၏ စုပေါင်းအင်အားဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

# ကျောင်းပတ်ဝန်းကျင်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေ




ရေဝပ်ခြင်းမှတဆင့် မလိုလားအပ်သော
ရောဂါများ မဖြစ်ပွားစေရန်
ရပ်ကွက်/ကျေးရွာမှ ပြည်သူလူထုအင်အားဖြင့်
ပူးပေါင်းဆောင်ရွက်သင့် ပါသည်။

# ကျောင်းကျန်းမာရေးတာဝန်ခံများ၏ ကျောင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ နှင့် ပတ်သက်၍ ခံယူချက်များ




ကျောင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းနှင့် ပတ်သက်၍ စောင့်ရှောက်မှုပေးနေသူများဘက်မှ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များရှိမရှိ ပြန်လည်သုံးသပ်ပြီး၊ လိုအပ်ပါက ပညာရေးဌာနနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်သင့်ပါသည်။ အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာအန္တရာယ်ကင်းဝေးရေး လုပ်ငန်း ဆောင်ရွက်ချက်များ ထိရောက်မှုရှိရန်လည်း လိုအပ်ပါသည်။

ကျောင်းကျန်းမာရေး ကော်မတီပြန်လည်အသက်ဝင်ရန် ဆောင်ရွက်ခြင်း၊ အဆင့်ဆင့်ကြီးကြပ်ခြင်းများကို ပြည်သူ့ကျန်းမာ ရေးဌာန နှင့် ပညာရေးဌာနမှတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

# ကျောင်းကျန်းမာရေးတာဝန်ခံများ၏ သောက်ရေ၊ သုံးရေရရှိသုံးစွဲမှုနှင့် ပတ်သက်၍ သိရှိနားလည်မှုနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေ

သန့်ရှင်းသောသောက်သုံးရေရအောင်လုပ်ရမည့် နည်းလမ်းသိရှိသူ (၉၇.၈၉ %)
အများဆုံးဖြေဆိုသည့်နည်းလမ်း- ကလိုရင်းဆေးခပ်ခြင်း (၉၁.၁၀ %)

သောက်သုံးရေလုံလောက်မှုရှိခြင်း (၉၅.၈၃ %)
ကျန်းမာရေးနှင့်ညီညွတ်မှုရှိခြင်း (၈၂.၂၉ %)

အများဆုံးအသုံးပြုသည့် ရေအရင်းအမြစ်- တွင်းရေ (၈၈.၅၄ %)

ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေရရှိစေရန်၊ ရေအရင်းအမြစ် လုံခြုံစိတ်ချမှုရှိစေရန် လိုအပ်သောဆောင်ရွက်ခြင်းများ ကို ကျန်းမာရေးဌာန၊ အလှူရှင်အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေတွင်းပတ်လည် သန့်ရှင်း မှု၊ အသုံးပြုသောပစ္စည်းများ သန့်ရှင်းမှု အစဉ်ရှိစေရန် နေ့စဉ်၊ အပတ်စဉ် ကြီးကြပ် ဆောင်ရွက်ခြင်း များ ပြုလုပ်ရန်လိုအပ်ပါသည်။

# ကျောင်းကျန်းမာရေးတာဝန်ခံများ၏ အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ သိရှိနားလည်မှုနှင့် လက်ရှိကျောင်းအမှိုက်စွန့်ပစ်မှုအခြေအနေ

အမှိုက်စနစ်တကျစွန့်ပစ်သည့်နည်းလမ်းသိရှိသူ (၉၈.၉၅ %)
ဖြေဆိုသူများအနက် မီးရှို့ခြင်းဟုဖြေဆိုသူ (၈၈.၄၂ %)




မူလတန်းအရွယ်မှစတင်၍ အမှိုက်စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများလက်တွေ့ ကျင့်သုံးနိုင်ရန် အခန်းတိုင်း သန့်ရှင်းရေးသုံးပစ္စည်းများထားရှိခြင်း၊ အဖုံးပါသော အမှိုက်ပုံးထားရှိခြင်း၊ ကျောင်းဝင်းအတွင်း သင့်တော်သောနေရာတွင် အဖုံးပါသောအမှိုက်ပုံး ထားရှိခြင်း၊ ကျောင်း မုန့်ဆိုင်အားလုံးတွင် အဖုံးပါသောအမှိုက်ပုံး ထားရှိခြင်း၊ အမှိုက်စွန့်ပစ်သောနေရာ သီးသန့်သတ်မှတ်၍ အန္တရာယ်ကင်းစေရန်စီစဉ်ထားခြင်းများကို ဆောင်ရွက်ထားသင့်ပါသည်။

# ကျောင်းကျန်းမာရေးတာဝန်ခံများ၏ ကျောင်းအိမ်သာနှင့်ပတ်သက်၍ သိရှိနားလည်မှုနှင့် လက်ရှိကျောင်းအိမ်သာအသုံးပြုမှုအခြေအနေ

## တွေ့ရှိချက်

အိမ်သာနှင့် ကျောင်းသားအချိုးသိရှိသူ (၇၀.၈၃ %)
သိရှိသူများအနက် (၁း ၅၀) ဟု မှန်ကန်စွာ ဖြေဆိုသူ
(၈၈.၂၄ %)

ရေလောင်းအိမ်သာအသုံးပြုခြင်း(၉၆.၈၈ %)
အိမ်သာသန့်ရှင်းမှု (၈၉.၅၈ %)
အိမ်သာနှင့်ကျောင်းသားအချိုးမျှတမှု (၉၄.၇၉ %)

## ဆွေးနွေး/သုံးသပ်ချက်

ကျောင်းတိုင်းတွင် ကျန်းမာရေးနှင့် ညီညွတ်သော ယင်လုံအိမ်သာများ ဆောက်လုပ်ပေးထားပြီး၊ များပြားလာသော ကျောင်းသားဦးရေနှင့် မျှတမှုရှိစေရန် သက်ဆိုင်ရာများမှ သတိထား ဖြည့်ဆည်း ဆောင်ရွက်ပေးသင့်။ အိမ်သာများအားစနစ်တကျအသုံးပြုတတ်စေရန်၊ အိမ်သာအဆင်း ဆပ်ပြာနှင့် ရေ အသုံးပြု၍ လက်ဆေးခြင်းအလေ့ ရရှိသွားစေရန် လေ့ကျင့် သင်ကြားပေးသင့်ပါသည်။

# ကျောင်းတွင်းအာဟာ ရဖွံ့ဖြိုးရေးနှင့် အစားအစာများအန္တရာယ်ကင်းဝေးရေး လုပ်ငန်းအကြောင်းနှင့် ပတ်သက်၍ သိရှိနားလည်လက်ခံမှု

ကျောင်းမုန့်ဆိုင်များသည်ကျောင်း၏ ခွင့်ပြုချက်ရယူရန်လိုအပ်သည်ဟုသိရှိသူ (၉၅.၉၅ %)

ဈေးသည်များသည်ကျန်းမာရေးစစ်ဆေးရန် လိုအပ်သည်ဟုသိရှိသူ (၇၇.၁၀ %)

အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း ဆောင်ရွက်ချက်များ ထိရောက်မှုရှိသည်ဟု ခံယူသူ (၇၀.၈၃ %)

→

ကျောင်းကျန်းမာရေးသင်တန်းများ တွင် အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာအန္တရာယ်ကင်းဝေးရေး လုပ်ငန်းများအကြောင်း ပိုမို အလေးထားရှင်းလင်းဆွေးနွေးခြင်း၊ လုပ်ငန်းများထိရောက်စွာ ဆောင် ရွက်နိုင်ရန် ပညာရေး၊ ကျန်းမာရေးဌာန၊ FDA နှင့် မိဘဆရာအသင်းဝင်များ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

# ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းစေးရေးလုပ်ငန်း ဆောင်ရွက် ထားရှိမှုအခြေအနေ




ကျောင်းမုန့်ဆိုင်များသည် ကလေးများအာဟာရဖြစ်စေသည့် မုန့်များရောင်းချရန်၊ သန့်ရှင်း လတ်ဆတ်မှုရှိစေရန်၊ တားမြစ်ထားသောအစားများ မရောင်းချစေရန် ဆရာ/မများမှ အနီးကပ်ကြီးကြပ်၍ ဈေးသည်များ လိုက်နာဆောင်ရွက်မှုရှိစေရန် ကျန်းမာရေးဌာန၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ပူးပေါင်း၍ တိုက်တွန်းပြောကြား အရေးယူ ဆောင်ရွက်သင့်ပါသည်။

# ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးဆောင်ရွက်နေသည့်နည်းလမ်းများ

## တွေ့ရှိချက်




## ဆွေးနွေး/သုံးသပ်ချက်

ကလေးများအာဟာရဖွံ့ဖြိုးနိုင်ရေး အတွက် ဒေသထွက် အာဟာရ ပြည့်ဝသည့် အစားအစာများ ရောင်းချရန် ဈေးသည်များကို ပညာပေးကြီးကြပ်ခြင်း၊ ထမင်းဘူးနည်းလမ်း အသုံးပြုခြင်းများကိုလည်း အားဖြည့်ဆောင်ရွက်သင့် ပါသည်။

# ကျောင်းကျန်းမာရေးပညာပေးဆောင်ရွက်ထားမှုအခြေအနေ

ပညာပေးဆောင်ရွက်ရာတွင်
အသုံးပြုသော IEC အမျိုးအစားများ

→

အစာအုပ်စုနှင့် လက်ဆေးနည်း (၅၀ % ကျော်)
အာဟာရပညာပေးနှင့် သွေးလွန်တုပ်ကွေး၊
ငှက်ဖျားရောဂါ (၂၀ % ကျော်)

IEC များပံ့ပိုးပေးသည့်ဌာန/အဖွဲ့အစည်း

→

ပညာရေးဌာန (၇၈.၄၃ %)
ကျန်းမာရေး ဌာန (၄၃.၁၄ %)
ယူနီဆက် (၂၇.၀၈ %)
အခြား INGOs (၁၀ %)

ပညာပေးရာတွင် IEC အသုံးပြုခြင်း (၅၄.၁၇%)
ပညာပေးဆိုင်းဘုတ်/ပိုစတာထားရှိခြင်း (၅၇.၂၉ %)

→

မူလတန်းကျောင်းအားလုံးတွင် IEC များ
အသုံးပြု၍ ပညာပေးလုပ်ငန်းဆောင်ရွက်နိုင်ရန်
သက်ဆိုင်ရာ ပညာရေးဌာနနှင့် ပြည်သူ့ ကျန်းမာ
ရေးဌာနတို့ ပူးပေါင်းထောက်ပံ့ပေးရန် လိုအပ်

# ကျောင်းကျန်းမာရေးစစ်ဆေးရေးအဖွဲ့တွင်ပါဝင်ဆောင်ရွက်သူများနှင့် ကျောင်းကျန်းမာရေးအဖွဲ့ကျောင်းများသို့လာရောက်သည့်အကြိမ်







ကျောင်းသားကလေးငယ်များနှင့် နေ့စဉ်ထိတွေ့နေသည့် ဆရာ/မများမှ ဘဝတွက်တာသင်ခန်းစာတွင်ပါရှိသော အကြောင်းအရာများကို သင်ရိုးညွှန်းတမ်း အတိုင်း သင်ကြားပေးရန်လိုအပ်ပါသည်။

# ကာယနှင့် အားကစားလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေ

အားကစားလှုပ်ရှားမှုဆောင်ရွက်ရန် သင့်တော်သောနေရာရှိခြင်း(၈၉.၅၈ %)

တစ်ပတ်လျှင် အားကစားနှင့်ကာယဆောင်ရွက်ချိန်




ကျောင်းများနေရာသတ်မှတ်ပေးရာတွင် ကာယ နှင့် အားကစားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက် ဆိုင်ရာဒေသအာဏာပိုင်များနှင့် ရပ်မိရပ်ဖများ၊ ဌာနများမှ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သင့် ပါသည်။




အချိန်ဇယားအတိုင်း ကစား နိုင်ရန် စီစဉ် ပေးရန်လိုအပ်သကဲ့သို့ အားကစားဆိုင်ရာပစ္စည်းများ ရရှိနိုင်ရန်လည်း အားကစားနှင့် ကာယပညာဦးစီးဌာန နှင့် ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

# ဒေသအာဏာပိုင်များ၊ အလှူရှင်များနှင့် ဌာနများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ

ဒေသအာဏာပိုင်များမှထောက်ပံ့မှု (၁၄.၅၈ %) → အလှူငွေ ထောက်ပံ့ခြင်း၊ အာဟာရကျွေးမွေးခြင်းနှင့် ရေရရှိအောင် ဆောင်ရွက်ပေးခြင်း

ကျန်းမာ/ပညာနှင့် ဒေသလူမှုအဖွဲ့အစည်းပူးပေါင်းမှု (၅၄.၁၇ %) → ကျန်းမာရေးပညာပေးခြင်း၊ ရေရရှိအောင်ဆောင်ရွက် ပေးခြင်းနှင့် ဆေးဝါးထောက်ပံ့ခြင်း

အခြားအလှူရှင်အဖွဲ့အစည်းမှပံ့ပိုးမှု (၁၉.၇၉ %) → ရေသန့်စက်လှူဒါန်းခြင်းနှင့် အာဟာရကျွေးမွေးခြင်း

ကျောင်းကျန်းမာရေးလုပ်ငန်းများ ကောင်းမွန်စွာဆောင်ရွက်နိုင်ရန် ဒေသအာဏာပိုင်များ၊ အလှူရှင်များနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုလည်း လိုအပ်ပါသည်။

# ကျောင်းကျန်းမာရေးတာဝန်ခံဆရာ/မများ၏ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိနားလည်မှုဗဟုသုတ၊ ခံယူချက်နှင့် ကျောင်းများ၏ လုပ်ငန်းဆောင်ရွက်ချက် ရမှတ်များအခြေအနေ

**သိရှိနားလည်မှုဗဟုသုတ**

ပျှမ်းမျရမှတ် အထက်ရရှိသူ
(၄၄.၇၉ %)

→ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန နှင့် ပညာရေးဌာန တို့ ညှိနှိုင်း၍ ကျောင်းကျန်းမာရေး သင်တန်းများ ဆောင်ရွက်သင့်ပါသည်

**သဘောထားခံယူချက်**

ပျမ်းမျှရမှတ် အထက်ရှိသူ
(၅၉.၃၇ %)

→ ခံယူချက်ကောင်းပြီးသားဖြစ်သည့် အတွက် လုပ်ငန်းစဉ် အသေးစိတ်ကို သင်တန်းပေးပါက ကောင်းမွန်သော အကျိုးရလဒ်များရရှိနိုင်ပါသည်

**လက်တွေ့ကျင့်သုံးမှုအခြေအနေ**

ပျှမ်းမျရမှတ် အထက်ရရှိကျောင်း
(၅၂.၀၈ %)

→ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို ကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင် ရန် အဆင့်ဆင့်ပံ့ပိုးကြီးကြပ်ပေးသင့်ပါသည်

# အကြံပြုချက်/နိဂုံး

၁။ မူလတန်းကလေးငယ်များ မိမိတို့သင်ယူလေ့လာရမည့် သင်ခန်းစာများကို အနှောင့်အယှက်ကင်းကင်းဖြင့် စိတ်ပါဝင်စားပျော်ရွှင်စွာ သင်ယူနိုင်သည့်စာသင်ခန်းနေရာများဖြစ်အောင် သက်ဆိုင်ရာများနှင့်အတူ မိခင်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှ ပံ့ပိုးကူညီဆောင် ရွက်ပေးသင့်ပါသည်။

၂။ ကျောင်းကျန်းမာရေးတာဝန်ခံဆရာ/မများသာမက မူလတန်းကျောင်းရှိ ဆရာ၊ ဆရာမများအားလုံး ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို သေချာစွာ သိရှိ နားလည်ပြီး ခံယူချက်အပြည့်ဖြင့် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ကျောင်းကျန်းမာရေး မွမ်းမံသင်တန်းများပေးနိုင်ရေး မိခင်ကလေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်စီမံချက်များ ရေးဆွဲရာတွင် ထည့်သွင်းဆောင်ရွက်သင့်ပါသည်။

# အကြံပြုချက်/နိဂုံး

၃။ မူလတန်းများအတွက် သင်ရိုးညွှန်းတမ်းတွင် ပါဝင်ပြီးဖြစ်သည့် ဘဝတွက်တာ သင်ခန်းစာများသည် ကျန်းမာရေးနှင့်ညီညွတ်သည့် မှုမှန်သောဘဝနေထိုင်မှုရရှိစေရန်၊ မူလတန်းကလေးများအားလုံး လိုက်နာကျင့်သုံးတတ်ရန်၊ သင်ရိုးညွှန်းတမ်း လမ်းညွှန်ချက်အတိုင်း သင်ကြားနိုင်ရေး ဆောင်ရွက်သည့်အခါ မိခင်ကလေး အသင်းကြီးမှ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသင့်ပါသည်။

၄။ ကလေးငယ်များအာဟာရဖွံ့ဖြိုးပြီး အစားအစာများမှတဆင့် ကူးစက်ရောဂါ သာမက မကူးစက်တတ်သောရောဂါများ မဖြစ်ပွားစေရန် ကျောင်းဈေးဆိုင် ကြပ်မတ်ခြင်းကို ကျောင်းကျန်းမာရေးကော်မတီဝင်များနှင့်အတူ ရပ်ကွက်၊ ကျေးရွာရှိ မိခင်ကလေးအသင်းဝင်များမှ ပူးပေါင်းဆောင်ရွက် ပေးသွားရန် လိုအပ်ပါသည်။

# အကြံပြုချက်/နိဂုံး

၅။ ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်းကို ရုပ်ပုံကားချပ်၊ ပိုစတာများ အသုံးပြု၍ဆောင်ရွက်နိုင်ရန် လိုအပ်သောစာစောင်နှင့်ပစ္စည်းများ ရရှိနိုင်ရန် သက်ဆိုင်ရာကျန်းမာရေးဌာနနှင့်အတူ မိခင်ကလေးအသင်းကြီးမှ ပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

❖ ကျန်းမာကြံ့ခိုင်ပြီး၊ ပညာရည်ပြည့်ဝ၍ အနာဂတ်အတွက် အားထားရမည့်သူ များ ဖြစ်လာစေရန် အခြေခံကျပြီး အရင်းအနှီးနည်းနည်းနှင့် အကျိုးရလဒ် များ များရနိုင်သည့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို ကောင်းမွန်စွာ စဉ်ဆက် မပြတ် အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက် ရာတွင် သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဌာန၊ ပညာရေးဌာနနှင့် အတူ မြန်မာ နိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှ ဝိုင်းဝန်းပူးပေါင်း၍ ပံ့ပိုး ထောက်ပံ့မှုများပြုလုပ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

# မှတ်တမ်းဓါတ်ပုံများ













# မှတ်တမ်းဓါတ်ပုံများ










ကျေးဇူးတင်ပါသည်။